မျက်မှောက်နိုင်ငံရေးအခြေအနေနဲ့ပတ်သက်ပြီး

ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်

(၂/၂၀၁၁)

(၂ – ၉ – ၂၀၁၁)

(၁) ဦးသိန်းစိန်က ဘာပဲပြောနေပြောနေ၊ တကယ့်အဆုံးအဖြတ်ချနိုင်တဲ့အာဏာက "အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ" (အကလ) ကောင်စီမှာပဲ ရှိပါတယ်။ 'အကလ' ကောင်စီမှာ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဇယားချပြီး ကြည့်သင့်ပါတယ်။

အားလုံး (၁၁) ယောက်ရှိရာမှာ ကြံ့/ဖွံ့ အားနဲ့ တက်လာတဲ့ သမ္မတနဲ့ စစ်တပ်ကျောထောက်နောက်ခံနဲ့ တက်လာတဲ့ ဒုသမ္မတ ဘယ်ဘက်က အားသာသလဲ။

ကန့်လန့်ကာနောက်မှာကော ဘယ်သူတွေရှိသလဲ။ ဒါကိုလည်း စိစစ်ကြည့်သင့်ကြပါတယ်။

အဓိကအကျဆုံး တခုက ရာစုနှစ်တဝက် (နှစ် ၅၀) ကျော် စစ်အာဏာကို အမြဲပြုပြီး စုဆောင်းမိထားတဲ့ စည်းစိမ်၊ ဓနဥစ္စာတွေကို စစ်အုပ်စုက လွယ်လွယ်နဲ့ စွန့်လွှတ်မှာ မဟုတ်ဘူး။ အသေအလဲ ကာကွယ်မယ်ဆိုတာပါ။

(၂) သမ္မတရဲ့အကြံပေး 'ဦးမြင့်' ရဲ့ စာတမ်းကို ဖတ်ပြီးတဲ့နောက် မေးခွန်းတခု မေးချင်ပါတယ်။ အဲဒီ 'ပွင့်လင်းမြင်သာတဲ့အစိုးရ' မျိုး၊ 'တာဝန်ခံမှုရှိတဲ့အစိုးရ' မျိုးကို ဦးသိန်းစိန် လုပ်နိုင်မယ်၊ လုပ်ဝံ့မယ် ထင်ပါသလားဆိုတဲ့ မေးခွန်းပါ။

- ကမ္ဘာမှာ စီးပွားရေးအကျပ်တွေ့သလို ဗမာပြည်မှာလည်း အကျပ်တွေ့နေတာ မှန်ပါတယ်။
- စီးပွားရေးအကျပ်က လူမှုရေးအကျပ်၊ နိုင်ငံရေးအကျပ်သို့ တချို့နိုင်ငံတွေမှာ ကူးနေပါတယ်။ ဗမာပြည်မှာတော့ မကူးသေးပါဘူး။ ခြိမ်းခြောက်တဲ့အဆင့်လောက်ပဲ ရောက်ပါသေးတယ်။
- အကျပ်တွေ့လာရင် စစ်အုပ်စုတွေက ဘယ်လိုဖြေရှင်းခဲ့ဖူးသလဲ။ ဗိုလ်နေဝင်း၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေတို့ ဖြေရှင်းခဲ့ဖူးပါတယ်။ အကြမ်းဖက် ဖြေရှင်းခဲ့ကြတာချည်းပါ။ ('ဒီပဲယင်း' က NLD ကိုသာမက ဗိုလ်ခင်ညွန့်ကိုပါ အဖျားခတ်သွားတာ ကြည့်ပါ။)

(၃) ကြိုလို့ ပြောစရာတခု ရှိပါတယ်။

- ဗိုလ်နေဝင်းရဲ့ ၂/၈၀ "လွတ်ငြိမ်းခွင့်" က ဦးနုနဲ့ပတ်သက်တဲ့ အင်အားစုတွေနဲ့ ထောင်ထဲထည့်ထားရတဲ့ စစ်ဗိုလ်ကြီးတွေ၊ ဝန်ကြီးတွေနဲ့ သခင်စိုးကို လွှတ်ချင်လို့ထုတ်တဲ့ လွတ်ငြိမ်းခွင့်ပါ။
- အခုလည်း 'အကလ ကောင်စီ' ရဲ့ 'ထောက်ခံချက်' နဲ့ ဦးသိန်းစိန်က 'လွတ်ငြိမ်းခွင့်' ထုတ်ပြန်လာနိုင်ပါတယ်။ ရည်ရွယ်ချက်ကလည်း NLD နဲ့ပတ်သက်တဲ့ အင်အားစုတွေကို '၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲ ဆွဲသွင်းဖို့ပဲ ဖြစ်ပါလိမ့်မယ်။ '၂၀၀၈ အခြေခံဥပဒေ' ကို စိန်မခေါ်ရင် လက်ခံပါလိမ့်မယ်။
- ဦးနုကတော့ ပိဋကတ်သုံးပုံကို အင်္ဂလိပ်လို ဘာသာပြန်ချင်လို့ ဗမာပြည်ပြန်သွားတာလို့ ဆိုပါတယ်။ နိုင်ငံရေး အဓိပ္ပာယ်ကတော့ မဆလ ရဲ့ အခြေခံဥပဒေနဲ့ နိုင်ငံရေးကို 'ထိပ်တိုက်ရင်ဆိုင်တာ မလုပ်တော့ပါဘူး' လို့ အာမခံတာပါပဲ။
- အခုလည်း ဆွေးနွေးပွဲ စာတမ်းတင်ဖို့ ဗမာပြည်ကို ပြန်ကြသူတွေ ရှိလာတယ်။ သူတို့ကို မေးခွန်းတချို့ မေးချင်ပါတယ်။

စစ်အာဏာရှင်စနစ်ကြောင့် 'LDC'ဖြစ်ပြီးပါပြီ။ အခု ကျရှုံးနိုင်ငံ (မအောင်မြင်တဲ့) (Failed State) သို့ ချီတက်နေတယ်။ အဲဒါကို 'မက်ခရို' တွေ 'မိုက်ခရို'တွေနဲ့ ကယ်တင်နိုင်မယ်လို့ ထင်ကြပါသလား။

ဦးသိန်းစိန်က စစ်တပ်ပိုင် လက်ဝါးကြီးအုပ် စီးပွားရေးလုပ်ငန်းကြီးတွေကို လက်ဖျားနဲ့တို့ဝံ့မယ် ထင်ပါသလား။ အပေါင်းအသင်းရောင်းရင်းတွေ (crony) ရဲ့ စီးပွားရေးကို ထိဝံ့မယ် ထင်ပါသလား။

(၄) "ပြစ်ဒဏ်ခတ်တာကလွတ်ရေး တို့အရေး"

"ငွေကြေးအကျပ်အတည်းကလွတ်ရေး တို့အရေး"

"အာဆီယံဥက္ကဋ္ဌဖြစ်ရေး တို့အရေး" လုပ်နေကြတဲ့ စစ်အာဏာရှင်တွေရဲ့ အသုံးချခံရသူများဖြစ်ကြရင် ရာဇဝင်ရိုင်းလိမ့်မယ် ဆိုတာကို သတိပေးရင်း နိဂုံးချုပ်လိုက်ပါတယ်။